နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်
(၁၆-၁၀-၂၀၂၁ ရက်၊ နေပြည်တော်)

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးကို ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်က မြန်မာနိုင်ငံသို့ သွားရောက်ရန် ၎င်း၏ ခရီးစဉ်ကို မြန်မာအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့မှု အခြေအနေကို ရှင်းလင်းပြောကြားခဲ့ပါသည်။

အဆိုပါပြောကြားချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံသို့ လာရောက်မည့် ပထမဆုံး ခရီးစဉ် ဖြစ်မြောက်ရေးအတွက် မြန်မာဘက်မှ အထူးကိုယ်စားလှယ်နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်း တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတို့ကို ထည့်သွင်းစဉ်းစားပြီး ခရီးစဉ်အောင်မြင်စေရေးနှင့် အပြုသဘောရလဒ်များ ရရှိစေရေးအတွက် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ အထူးကိုယ်စားလှယ်အနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်မည့် ၎င်း၏ ပထမဆုံးခရီးစဉ်တွင် မြန်မာနှင့် နှစ်ဖက်ယုံကြည်မှုရရှိရေးကို အလေးပေးဆောင်ရွက်သင့်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် အထူးကိုယ်စားလှယ်နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် မကြာမီ ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံမှ ကိုယ်စားပြုတက်ရောက်မည့်ကိစ္စနှင့် တက်ရောက်ပါက မည်သည့်အဆင့် တက်ရောက်ရန်ကိစ္စကို အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့က ဆွေးနွေးပြောကြားခဲ့ပါသည်။

အာဆီယံအစည်းအဝေးများ တက်ရောက်ရေးနှင့် ကိုယ်စားပြုမှုကိစ္စ ပြောကြားချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက ယင်းကိစ္စကို ဆွေးနွေးရန် အာဆီယံ၏ ပဋိညာဉ်စာတမ်းနှင့် အခြေခံမူများတွင် ပြဋ္ဌာန်းထားခြင်း မရှိသဖြင့် ဆွေးနွေးရန် မလိုအပ်ကြောင်း၊ လက်ရှိမြန်မာ အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အာဏာကို ရယူကျင့်သုံးနေသည့် အစိုးရဖြစ်ကြောင်း၊ မြန်မာအစိုးရ၏ အုပ်ချုပ်နေမှုအပေါ် ဥပဒေကြောင်းအရ မေးခွန်းထုတ်ရန် အကြောင်းမရှိကြောင်း၊ ယခုကိစ္စနှင့် အထူးကိုယ်စားလှယ်၏ ခရီးစဉ်ကို ချိတ်ဆက်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံအပေါ် ဖိအားပေးခြင်းဖြစ်သဖြင့် ဘေးထွက်ဆိုးကျိုးများသာ ဖြစ်စေမည်ဖြစ်ကြောင်းနှင့် တူညီဆန္ဒမရှိဘဲ ဆောင်ရွက်ခဲ့မှုအပေါ် မြန်မာမှ သဘောမတူကြောင်းနှင့် ယင်းကန့်ကွက်ချက်ကို မှတ်တမ်းတင်ပေးရန် ပြောကြားခဲ့ပါသည်။

အဆိုပါ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့က ဆွေးနွေးပြောကြားခဲ့သည့် အာဆီယံအစည်းအဝေးများ တက်ရောက်ရေးကိစ္စ အပါ

အဝင် ကိုယ်စားပြုမှုဆိုင်ရာကိစ္စများနှင့် တူညီဆန္ဒမရှိဘဲ ဆောင်ရွက်ခဲ့မှုများသည် အာဆီယံ၏ ပဋိညာဉ်စာတမ်းနှင့် အခြေခံမူများတွင် ပြဋ္ဌာန်းထားမှု မရှိခြင်း၊ အာဆီယံ၏ ရည်ရွယ်ချက်တို့နှင့် ဆန့်ကျင်ကြောင်း တွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လွန်စွာစိတ်ပျက်မိပြီး၊ ပြင်းထန်စွာ ကန့်ကွက်ပါသည်။

ဒေသတွင်း မဟာဗျူဟာအရ အားပြိုင်မှုများ ပိုမိုဖြစ်ပေါ်နေချိန်တွင် အာဆီယံ၏ အစဉ်အလာကောင်းများဖြစ်သည့် မတူကွဲပြားမှုများကို အခြေခံပြီး အာဆီယံ၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်ခဲ့မှုနှင့် မတူညီမှုများကို ဆွေးနွေးတိုင်ပင်ပြီး တူညီဆန္ဒဖြင့် ဆောင်ရွက်မှုများကို ပစ်ပယ်ခဲ့ခြင်းသည် အာဆီယံ၏ စည်းလုံးညီညွတ်မှု၊ ဗဟိုပြုမှုကို ထိခိုက်စေမည့် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်မည်ဖြစ်ပါကြောင်း သတိပေးဖော်ပြအပ်ပါသည်။